မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 9/ Issue 5 / May / 2016

## ကျမ်းစကားများနှင့်အားယူခြင်း



ငါတို့ ဟောပြောသော ဘုရားသခင်၏ နှုတ်ကပတ်တရားကို သင်တို့ခံယူကြသောအခါလူ၏နှုတ်ထွက်စကားကိုမခံမယူဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန် ဖြစ်သည် နှင့် အညီ ယုံကြည်ခြင်းသို့ ရောက်သော၊ သင်တို့ အထဲ၌ ပြုပြင်သော ဘုရားသခင်၏နှုတ်ကပတ်တရားကို ခံယူကြသည့်အကြောင်း အရာကို ငါတို့သည်ထောက်၍၊ ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်းကြ၏။ (၁သက်၊၂း၁၃)

ရတ်ချက်ဝမ်းဘရန့်ဆိုသူသည် ကွန်မြူနစ်တို့၏ အကျဉ်းထောင်အတွင်း၌ ထောင်ဒဏ် (၁၄)နှစ် ကြာကျခံနေရခဲ့စဉ် အကျဉ်းသားသစ် –အဲဗရန့်–ဆိုသူ ရောက်လာသည့်နေ့ကို သူပြန်၍ သတိရနေသည်။ အဲဗရန့်သည် ဒဏ်ရာရလာပြီး အစောင့်များ ထွက်သွားသည့် အခါ သူ့ရင်ဘတ်အတွင်းမှ အလွန်သေးငယ်သော စာအုပ်လေး တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ ပြီးသည်နှင့် ယင်းစာအုပ်ငယ်လေးကို ဖတ်တော့သည်။ အခန်းတွင်းရှိ အခြားအကျဉ်းသားများ အားလုံးက သူ့ကို စိုက်ကြည့်နေသည်။ အဘယ့်ကြောင့် ဆိုသော် အကျဉ်းသားများသည် စာအုပ်ဆိုသည့် အရာကို မမြင်ဖူးကြသည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်၏။ ယင်းစာအုပ်ငယ်လေးသည် သမ္မာကျမ်းစာ ဖြစ်သည်။ အဲဗရန့်ကလည်း သူအဖမ်းခံရချိန်၌ ယင်းစာအုပ်ငယ်ကို မနည်း ကြိုးစား၍ ဖွက်ခဲ့ရသည်။ ရင်ဘတ်အတွင်း၌ ဖွက်နိုင်ခဲ့သည်။ ထိုနေ့မှစ၍ အလွန်တန်ဖိုးရှိသော၊ ရတနာသဖွယ်ဖြစ်သည့် စာအုပ်လေးကို တစ်ယောက်ပြီးတစ်ယောက်၊ တစ်လက်ပြီး တစ်လက် ပြောင်း၍ ဖတ်ခဲ့ကြသည်။ မည်မျှ ဖတ်ခဲ့ကြသနည်းဆိုလျှင်၊ အကျဉ်းသား အားလုံး အလွတ်နီးပါးရသည်အထိ ဖြစ်ခဲ့၏။ နေ့စဉ်လည်း တရားဆွေးနွေး ဖြစ်ကြသည်။ ခွန်အားသစ်များစွာ ရရှိခဲ့ကြလေသည်။သမ္မာကျမ်းစာကို မိမိတို့ကိုယ်တိုင် နားလည်သဘောပေါက်မှုနှင့် နေ့စဉ် တရားကျင့်ကြံခဲ့ခြင်း၏ အကျိုးသက်ရောက်မှုသည် မည်မျှ အစွမ်းထက်ပါသနည်း။

ဘုရား၏နှုတ်ကပတ်တော်များ ရေးထားသည့် စာအုပ်သည်
သာမန်စာအုပ်တစ်အုပ်မဟုတ်၊ သက်ရှိစွမ်းအင်တစ်ခု ဖြစ်သည်။
(နပိုလီယံဘိုနာပတ်)

# B.C.F. 2016, May Events

## The Global Day of Prayer,

**May 15, 2016**



On Pentecost Sunday, Christians in many countries will assemble to pray. Some will assemble in large stadiums and other public venues. Many will gather in small groups or in homes.

Take 7 Minutes to participate.




***Holy Communion***
**5/ 01/ 2014**

~~~~~~~~~~~~~~~

**Mothers' Day Sunday**
**5/ 8/ 2014**

~~~~~~~~~~~~~~~

**Regular Service**
**5/ 15/ 2014**

~~~~~~~~~~~~~~~

**Regular Service**
**5/ 22/ 2014**

~~~~~~~~~~~~~~~

***Evangelical Sunday***
***Guest Speaker:***
***Saya U Mya Aye***
**5/ 29/ 2014**

~~~~~~~~~~~~~~~

***Every Service***
***on Sunday 2:00PM***

~~~~~~~~~~~~~~~

**B.C.F. Food Fair**
***Saturday 5/ 14/ 2016***
***10:30AM - 1:30PM***
***at***
***1337 Farmstead Ave.***
***La Puente, CA 91745***

## Mother's Day

**May 8, 2016**

**M-O-T-H-E-R**

"M" is for the million things she gave me,

"O" means only that she's growing old,

"T" is for the tears she shed to save me,

"H" is for her heart of purest gold;

"E" is for her eyes, with love-light shining,

"R" means right, and right she'll always be,

Put them all together, they spell "MOTHER,"

*Happy Mother's Day*

# B.C.F Food Fair

## You're invited!

## Welcome

# မြန်မာခရစ်ယာန်မိတ်သဟာယ အသင်းတော် ဈေးရောင်းပွဲသို့ ဖိတ်ခေါ်ပါ၏။



**Place**

Burmese Christian Fellowship
*1337 Farmstead Ave.*
*La Puente, CA 91745*



**Date**

May 14, Saturday, 2016

**Time**

10:30am - 1:30pm



***40% of sales proceed will be donated to charity***
*( Thanlyn Methodist Church Children Care for Christ Orphanage and Leprosy Mission In Myanmar)*

☎Contact Phone No.
*Nyi Nyi Wintin*
*(626)284-2880*

💻 Contact Persons:
Daw Paw Wah
Khin Myint Myint
Alice Ang
Emily Ang
Nyi Nyi Wintin

လာခဲ့ပါ–ဝင်ခဲ့ပါ

**BCF** မှကြိုဆိုတာ ရံပုံငွေ .. ဈေးရောင်းပွဲမှာ ဝယ်ယူ .. အားပေးကာ စားသုံးတော်မူကြပါ။

**To Go** လည်း သယ်ယူဖို့ အဆင်သင့် ပြင်ဆင်လို့။

**Karaoke** သီဆိုကာ အရသာမျိုးစုံစွာ မြန်မာ့ရိုးရာ .. အစားအစာ ထိုင်စားကြည့်မှ .. အရသာသိ ဒါတွေအကုန်ရှိ။



၁၊ မုန့်ဟင်းခါး
၂၊ ကြက်သားဒံပေါက်
၃၊ ဘူးသီးကြော်
၄၊ စမူစာသုတ်
၅၊ အမဲအူပြုတ်/သုပ်
၆၊ အသုပ်စုံ
၇၊ ရှမ်းထမင်းချဉ်၊
၈၊ မုန့်လုံးကြီး
၉၊ ကောက်ညှင်းထုပ်
၁၀၊ ကြက်သားပလာတာ
၁၁၊ ပဲပြုတ်၊ ဘိန်းမုန့်
၁၂၊ ဝက်သားတုတ်ထိုး
၁၃၊ သစ်သီးဖျော်ရည်
၁၄၊ တိုဟူးနွေး
၁၅၊ အမဲ၊ ဝက်၊ သီးစုံဟင်း
၁၆၊ ရိုးရာဝတ်စုံ၊ သနပ်ခါး






.

**Karaoke and more**




# *The Prayer:*

*This prayer is powerful, and prayer is one of the best gifts we receive.*

*There is no cost but a lot of rewards. Let's always pray for one another.*

*Father God,*

*Thank You for each and every day*
*You have blessed us here on earth.*

*Thank You for Your tender mercies.*

*Thank You for giving us friends and family*
*to share joys and sorrows with.*

*I ask You to bless my friends, relatives, brothers*
*and sisters in Christ and those I care deeply for,*
*who are reading this right now.*

*Where there is joy, give them continued joy.*
*Where there is pain or sorrow, give them your peace and mercy.*
*Where there is self-doubt, release a renewed confidence.*
*Where there is need, fulfil their needs.*
*Bless their homes, families, finances,*
*their goings and their comings.*

*In Jesus' name,*
*Amen.*

# မိခင်များနေ့

***Mother's Day: May 8, 2016***




သူငယ်သွားရာ လမ်းဝ၌ ဆုံးမသွန်သင်လော့။
သို့ပြုလျှင် သူသည် အိုသောအခါ ထိုလမ်း၌ မလွဲ၊
လိုက်သွားလိမ့်မည်။
သုတ္တံကျမ်း၊ ၂၂း၆

ကျမတို့၏အိမ်ထောင် များသည် အသင်းတော်ငယ်လေးများ ဖြစ်ကြပါသောကြောင့် အိမ်ထောင်၌ ညီညွတ်ခြင်း၊ ငြိမ်သက်ခြင်း၊ ချစ်ခြင်း၊ ကြင်နာခြင်း၊ နာခံခြင်း၊ အားဖြင့် ကျမတို့၏အိမ်ထောင်အများစုသည် ခိုင်ခံ့ခြင်း၊ တည်မြဲခြင်း၊ ရှိကြပါ၏။ အိမ်ထောင်မှာရှိ မိဘနှစ်ဦးတွင် မိခင်သည် သားသမီးတို့နှင့် အနီးကပ်နေသူဖြစ်၍ မိခင်၏သက်ရှင်နေထိုင်မှုသည် သားသမီးများတို့အတွက် အရေးကြီးသည်နည်းတူ အရေးလည်းပါလှပေသည်။

နှစ်စဉ် မေလ ဒုတိယပါတ်တနင်္ဂနွေနေ့ကို "မိခင်များနေ့" ဟုသတ်မှတ်ထားပါသဖြင့် မေလသည် မိခင်များကို ချီးကျူးရာ၊ ဂုဏ်ပြုရာ၊ ထူးခြားသောလ ဖြစ်ပါသည်။ မိခင်များတို့၏ ကဏ္ဍမှာ လွယ်မယောင်နှင့်ခက်–တိမ်မယောင်နှင့်နက်၊ ဆိုသကဲ့သို့ ကြည့်ရသည်မှာ လွယ်ကူဟန်ရှိသော်လည်း များစွာပေးဆပ်ရပါ၏။

မိခင်ဆိုသော ဂုဏ်ပုဒ်ကို အမျိုးသမီးတိုင်း ပိုင်ဆိုင်မှု မရရှိကြသော်လည်း အမျိုးသမီးအများစုမှာ မိခင်စိတ်ဓါတ် ရှိကြပါသည်။

ထို့ကြောင့်၊ ဘုရားသခင်ပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားကို အကောင်းမွန်ဆုံး ထမ်းဆောင်ကာနေကြသော သင်တို့၏ သက်ဆိုင်ရာ ချစ်လှစွာသောမိခင်အား သတိရလျက်၊ ကျေးဇူးတင်လျက်၊ ရိုသေလေးစားစွာ ဂုဏ်ပြုကြပါစို့။ ❑

# အမြတ်ဆုံးသောမိခင် / မယ်တော်မာရိ



သခင်ယေရှု၏မိခင် မယ်တော်မာရိသည် မိခင်တစ်ဦးအနေဖြင့် ပျော်ရွှင်ချိန်၊ ကြည်နူး ချိန်နှင့် ပူဆွေးသောကရောက်ချိန် များစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

သူငယ်တော်ယေရှုဖွားမြင်ချိန်၌ မယ်တော်မာရိ အလွန်ဝမ်းမြောက်ခဲ့လိမ့်မည်။ (လု ၂း၇)။ သိုးထိန်းများ၊ ပညာရှိများ၊ သူငယ်တော်ယေရှုကို လာရောက်၍ဖူးမြော်သည့်အခါ အလွန်စိတ်လှုပ်ရှားခဲ့လိမ့်မည်။ လု ၂း၈–၂၀၊ မ ၂း၁–၁၂။

ရှိမောင်က "သန်လျက်သည် သင့်နှလုံးကို ခွင်းလိမ့်မည်" ဟုပရောဖက်ပြုသောအခါ သူမခမြာ မသက်မသာခံရခက်ပေလိမ့်မည်။ လု ၂း၃၅။

ထို့ပြင် ကားတိုင်ပေါ်၌ သေလုမျောပါးဖြစ်နေသည့် သားကိုကြည့်ပြီး မယ်တော်မာရိ အလွန်ကြေကွဲခဲ့လိမ့်မည်။ ယော၊ ၁၉း၂၅–၃၀။

သို့ငြားလည်း မိခင်တစ်ယောက်၏ အဖြစ်က စိတ်ပျက်ဖွယ် အဖြစ်ဆိုးများနှင့် အဆုံးမသတ်ပါ၊ သခင်ယေရှု သင်္ချိုင်းမှ ရှင်ပြန်ထမြောက်သောအခါ မိခင်ဖြစ်သူ မယ်တော်မာရိသည် ဝမ်းမြောက်ခဲ့ရပါသည်။

မိခင်များဖြစ်ကြသော ကျွန်ုပ်တို့အယောက်စီတိုင်းလည်း ဝမ်းမြောက်ခြင်း နှင့်အတူ ပြင်းထန်သော နာကျင်ခြင်းများကိုပါ တွေ့ကြုံခံစားရသည်။ သို့သော် ဘဝကို ကိုယ်တော်ထံ အပ်နှံဝန်ခံလျှင် ဘဝ၏အခန်းကဏ္ဍတိုင်းသည် ဘုရား၏ရည်ရွယ်ချက် အတိုင်း ဖြစ်ပျက်လျက် ပန်းတိုင်သို့ ရောက်ပါလိမ့်မည်။

မျက်ရည်လွှမ်းသော မိခင်ဘဝအတွက် ကျေးဇူးတင်ကြပါ။ နှစ်ပေါင်းများစွာ အချိန်ကြာကောင်းကြာနိုင်သော်လည်း ဝမ်းမြောက်စရာအချိန်များ မမေ့မှိန် မကွယ်ပျောက်သွားပါ။ မိခင်တစ်ဦးဖြစ်ခြင်းသည် ဘုရားနှင့်အတူ တွဲဖက်၍ မြတ်သောတာဝန်ကို ထမ်းဆောင်ခြင်းပင် ဖြစ်သည်။ ❑❑

# မိခင်တိုင်း အလိုရှိသည့် အတိုင်း ဖြစ်ပါစေ

---

မိခင်ဘဝမှာ သားသမီးများနှင့် ကြည်နူးပျော်ရွှင်ဖွယ် အမှတ်ရစေသည့် အကြောင်းအရာများ ရှိကြသည်။ မိခင်များကို မေးကြည့်လျှင် သူတို့အားလုံးမှာ သားသမီးများနှင့်ပတ်သက်၍၊ ကြည်နူးစရာ ပုံပြင်ကလေးတွေ ရှိကြမှာ အမှန်ပါဘဲ။ ကလေးများဟာ မိခင်၏ အသဲနှလုံး၊ အိမ်ထောင်၏ ဆုံလဲဖြစ်တာကြောင့် ချစ်လို့မဆုံး ပျော်လို့မဆုံးနိုင်ပါ။ ကလေးသဘာဝကြီးပြင်းလာရာ လမ်းတလျှောက်မှာ ...

တခါတရံဝယ်၊ သူတို့လေးတွေ ဒုက္ခတွေ့သောအခါ၊ မိခင်များ စိတ်မပျော် နိုင်တော့ပါ။ သူတို့ကိုယ်စား မိခင်သာအစားထိုးယူလို့ရမယ်ဆိုလျှင်၊ လွဲယူခြင်းသည်အထိဂရုဏာကြီးသည်။

ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၁၅း၂၁ ထဲမှ၊ မိခင်တစ်ဦးကို စံထားကြည့်ကြပါစို့။ ... သခင်ယေရှုသည် တုရုမြို့ နှင့် ဇိဒုန်မြို့၏ ကျေးလက်သို့ကြွတော်မူလျှင်၊ ထိုနယ်စပ်မှ တပါးအမျိုးသား ခါနာန်အမျိုးမိန်းမ တစ်ယောက်သည် ထွက်လာ၍၊ – " ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မကိုသနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံရပါ၏"ဟု ဟစ်ကြော်လေ၏။

ကိုယ်တော်ကလည်း၊ – "ဣသရေလ အမျိုးအဝင် ပျောက်လွင့်သော သိုးများမှတပါး အခြားသောအမျိုးရှိရာသို့ ငါ့ကို မစေမလွှတ်"ဟု မိန့်တော်မူ၏။

ထိုမိန်းမသည် ချဉ်းကပ်၍ပြပ်ဝပ်လျက်... "ကျွန်မကိုကယ်မတော်မူပါသခင်" ဟုလျှောက်လျှင်၊

ကိုယ်တော်က၊ – "သား၏ အစာကို ယူ၍ ခွေးအား မပေးမချအပ်"ဟု ပြန်ပြောတော်မူ၏။

မိန်းမကလည်း၊ – "မှန်ပါ၏ သခင်၊ ခွေးမည်သည်ကား မိမိသခင်၏ စားပွဲမှကျသော စားနုပ်စားပေါက်ကို စားမြဲ ထုံးစံ ရှိပါ၏"ဟု လျှောက်ပြန်လျှင်၊–

ကိုယ်တော်က၊– "အို...မိန်းမ၊ သင်သည် ယုံကြည်အား ကြီးမားလှပြီ။ သင်၏အလို ရှိသည် အတိုင်း သင်၌ ဖြစ်စေ"ဟု မိန့်တော်မူ၏။

ထိုအချိန်မှစ၍၊ ထိုမိန်းမ၏ သမီးသည် ကျန်းမာ ပကတိ ဖြစ်လေ၏။

ယခုအချိန်မှာ၊ အချို့သောမိခင်အများစုသည် ခါနန်အမျိုးသမီးကဲ့သို့ပင်၊ မိမိတို့၏ သားသမီးများအား၊ စာတန်မာရ်နတ်၏ နှိပ်စက်နှောင့်ယှက်ခြင်း (မူးယစ်ဆေး၊ ရန်ဖြစ်ခြင်း၊ စည်းကမ်းဖေါက်ခြင်း၊ လောကီတတ်မက်ခြင်းများ...) ခံနေရသဖြင့်၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းနှင့် ရင်ဆိုင်ကြုံတွေ့ နေကြရသည်။

ဒီလိုအခါမျိုးမှာ၊ မိခင်များသည် ခါနန်အမျိုးသမီးကို စံနမူနာထားလျက်၊ သခင်ယေရှု အထံတော်ပါးမှာ ချဉ်းကပ်၍ ပြပ်ဝပ်လျက်၊ "ကျွန်မကို သနားတော်မူပါ။ ကျွန်မကို ကယ်မတော်မူပါသခင် " ဟုတောင်း လျှောက်ရန် အထူးလိုအပ်သည်။

အချို့မှာ၊ လူ့အမြင်ရှုဒေါင့်မှ "ငါတောင်းလျှောက်လည်းမရပါဘူး"ဆိုပြီး၊ နောက်ဆုတ်သွားကြ၏။

ခါနန်အမျိုးသမီးမှာမူကား ထိုသို့မဟုတ်ပါ။ သခင့်ထံပါးမှာ မရမချင်း လျှောက်လဲ၍ တောင်းခံသည်။ သခင်ပေးနိုင်စွမ်းအား ရှိသည်ကိုသိ၍ သခင်အပေါ်ယုံကြည်၍ ဇွဲမလျှော့ပေ။ နောက်ဆုံးတွင် ခါနန်အမျိုး သမီးမှာ သူမအလိုရှိသည် အတိုင်း ဖြစ်ခဲ့ပါ၏။

သခင်ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သည့် အရာမှာ စာတန်မာရ်နတ် အပါဝင်ရန်သူအပေါင်းတို့ကို အောင်နိုင်ခဲ့လေပြီ။

သို့ဖြစ်၍ ... သခင့်ထံပါးမှာတောင်းပါ။
သခင်သည် နားညောင်းလျက် ထူးမည်။
အဖြေပေးမည်။ ကုသပေးမည်။ ငြိမ်သက်ခြင်းကိုရမည်။

ထိုအခါ ... မိခင်များသည် မိမိတို့၏ စိတ်ဆန္ဒ အလိုရှိသည်အတိုင်း ဖြစ်ပါလိမ့်မည်။ ❑❑



Jesus and Canaanite woman

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## Inspirational Bible Verses on Mother's Day

**Exodus 20:12**
"Honor your father and your mother, so that you may live long in the land the LORD your God is giving you."

**Isaiah 66:13**
"As a mother comforts her child, so will I comfort you; and you will be comforted over Jerusalem."

**2 Timothy 1:5**
"I have been reminded of your sincere faith, which first lived in your grandmother Lois and in your mother Eunice and, I am persuaded, now lives in you also."

**1 Thessalonians 2:7**
"As apostles of Christ we could have been a burden to you, but we were gentle among you, like a mother caring for her little children."

## မိခင်များနေ့တွင် စိတ်နှလုံးသွင်းရန် ကျမ်းချက်များ။

**ထွက်မြောက်ရာကျမ်း၊၂၀း၁၂**
သင်၏ဘုရားသခင် ထာဝရဘုရားပေးသနားတော်မူသော ပြည်၌ သင်၏ အသက်တာရှည်မည် အကြောင်း၊ သင်၏မိဘကိုရိုသေစွာ ပြုလော့။

**ဟေရှာယအနာဂတ္တိကျမ်း၊၆၆း၁၃**
အမိသည်သားငယ်ကို နှစ်သိမ့်စေသကဲ့သို့၊ သင်တို့ကိုငါနှစ်သိမ့်မည်။ ယေရုရှလင်မြို့၌ ချမ်းသာ ရကြလိမ့်မည်။

**တိမောသေဩဝါဒစာဒုတိယစောင်။၁း၅**
သင်၏အဘွားလောဣ၊ အမိဥနိတ်၌အရင်တည်သော ယုံကြည်ခြင်းတည်းဟူသော၊ ငါသဘောကျသည် အတိုင်း၊ သင်၌လည်းတည်သော ယုံကြည်ခြင်းစစ်ကို မှတ်မိသဖြင့်၊

**သက်သာလောနိတ်ဩဝါဒစာပဌမစောင်။၂း၇**
သင်တို့တွင် ဖြည်းညှင်းစွာပြုကြ၏။ သင်တို့ကို ချစ်သောကြောင့် နို့ထိန်းသည် မိမိသူငယ်ကို ကျွေးမွေးပြုစုသကဲ့သို့၊ ငါတို့သည် သင်တို့ကို နှမြောစုံမက်ခြင်းနှင့် တကွ၊ ဘုရားသခင်၏ ဧဝံဂေလိတရားကိုမျှမက၊ ကိုယ်အသက်ကိုပင် ပေးချင်သောစေတနာစိတ် ရှိကြ၏။

## The Better Prize

I see you're tired when I get home.
You feel some days you're all alone.
But what you're doing is priceless, dear,
And one day you'll back-one year.
Far from now when these kids are grown,
You'll remember the days you spent at home.
Wiping noses, washing dishes,
Having tea parties, getting kisses.
Playing ball and tying shoes,
Dressing dolls and kissing boo-boo's,
Then you'll look at me with tearful eyes,
and know you got the better prize.

Author Unknown

## My Mother

My Mother, *my friend* so dear
Throughout my life you're always near.
A tender smile to guide my way
You're the *sunshine* to light my day.

Author Unknown